ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၉၄)

နေ့စွဲ – ၁၂. ၂. ၂၀၁၂

## အောင်ပွဲရပြီးအသင်းတော်အကြောင်း(The Church Triumphant)

အောင်ပွဲရပြီးအသင်းတော်ဆိုသည်မှာ မိမိတို့၏လုပ်ဆောင်ခြင်းများမှ အနားယူပြီး ဘုန်းကျက်သရေ၌ရောက်နေကြသော အသင်းတော်၏အစိတ်အပိုင်းတခုကို ခေါ်ခြင်းဖြစ်သည်။ အောင်ပွဲရပြီးအသင်းတော်၌ ပါဝင်သူတို့သည် ယုံကြည်ခြင်းဖြင့် ကောင်းစွာတိုက်ပွဲဝင်ခဲ့ကြသူများဖြစ်သည်။ သူတို့သည် မိမိတို့ထမ်းဆောင်ရမည်များကို ပြီးဆုံးစေခဲ့ကြပြီး သခင်ဘုရားထံမှ ဖြောင့်မတ်ခြင်းသရဖူကို ရရှိကြသူများဖြစ်သည် (၂တိ ၄း၇၊ ၈)။

အောင်ပွဲရပြီးအသင်းတော်အကြောင်းကိုပြောနေသဖြင့် ကမ္ဘာပေါ်တွင် လက်ရှိတိုက်ပွဲဝင်နေသောအသင်းတော်သည် အောင်ပွဲမရသေးပါဟု ပြောနေခြင်းမဟုတ်ကြောင်းသတိပြုပါ။ ယခုလက်ရှိ ယုံကြည်ခြင်းတိုက်ပွဲကိုဝင်နေကြသူများ၊ ခရစ်တော်အတွက် အခက်အခဲများကို ခံစားနေကြသူများ၊ ရုန်းကန်နေကြသူများသည် သူတို့ကိုချစ်သောသူကြောင့် အောင်ပွဲရသူများထက် ပို၍အောင်နိုင်သူများဖြစ်ကြပါသည် (ရောမ ၈း၃၇)။ ခရစ်တော်က သူ၏ရန်သူများဖြစ်သည့် သေခြင်း၊ အပြစ်၊ စာတန်တို့ကို ခန်းနားစွာ အောင်နိုင်ခဲ့ပြီးဖြစ်ပါသည်၊ ၎င်းတို့ကို အပြတ်အသတ်နှိမ်နင်းပြီး၊ ရှုံးစေပြီးဖြစ်ပါသည် (လုကာ ၁၀း၁၇–၁၈၊ ဗျာ ၄း၈၊ ကော ၂း၁၅)။ ကျွန်တော်တို့သည် ခရစ်တော်အားဖြင့် အောင်မြင်သူများဖြစ်ကြသည်။

ထိုအချက်ကို ယနေ့ချိန်တွင် အထူးပြုရန် အလွန်အရေးကြီးပါသည်။ ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်အဖြစ် သရဖူဆောင်းပေးခြင်းခံရရန် စောင့်မနေပါ။ သူ့ကို ဘုရားသခင်၏ညာဖက်တွင် ဘုန်းကျက်သရေ၊ ဂုဏ်ရှိခြင်းနှင့် ဘုရင်အဖြစ်သရဖူဆောင်းပြီးဖြစ်ပါသည် (ဟေဗြဲ ၂း၉)။ သူသည် မိမိရန်သူများအလည်တွင် အုပ်စိုးလျှက်ရှိနေပါသည် (ဆာလံ ၁၁၀း၂)။ တိုက်ပွဲ သည် ဆက်လက်တိုက်ခိုက်နေပါသော်လည်း ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲရပြီးဖြစ်နေပါသည်၊ ရှုံးပြီးသားရန်သူ ကို ဆက်တိုက်နေကြခြင်းဖြစ်သည်။ ဆက်၍တိုက်နေရသောစစ်ပွဲကို စစ်ပညာစကားအရ၊ “ကောက်သင်းကောက်ရှင်းလင်းချေမှုန်းရေးစစ်”ဟုခေါ်ပါသည်။ နိုင်ငံတော်သည် အောင်နိုင်ပြီးဖြစ်သည်။ ခမည်းတော်ထံ လွှဲပြောင်းပေးရန်သာ ကျန်ပါသည် (၁ကော ၁၅း၂၄)။

ခရစ်တော်၏အောင်နိုင်ခြင်းသည် ဆိုးယုတ်သူများ ပို၍ဆိုးသည်ထက်ဆိုးလာလျှက်၊ တကမ္ဘာလုံး အမှောင်ထုထဲရောက်နေသော်လည်း ဆက်လက် အောင်နိုင်လျှက်ရှိပါသည်။ ဆိုးယုတ်သူများသည် အပြည့်အဝရှုံးနေကြပြီးဖြစ်သဖြင့် ခရစ်တော်သည် သူတို့ကို ဆက်လက်၍ အုပ်ချုပ်ယုံမျှ အုပ်ချုပ်စိုးမိုးသည်သာမကပါ၊ သူ၏အစိုးရတော်မူသော အုပ်ချုပ်ခြင်းဖြင့် ဆိုးယုတ်သူများကို သူ ၏ရည်ရွယ်ချက်ပြည့်မြောက်ရန် အသုံးပြုလျှက်ရှိနေပါသည်။

ဂုဏ်ကျက်သရေရှိခြင်းသို့ရောက်သွားကြပြီဖြစ်သော သန့်ရှင်းသူများကို ကျွန်တော်တို့ အောင်ပွဲရပြီးအသင်းတော်ဟု ရည်ညွှန်းလေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် အောင်နိုင်ခြင်းကို ခံစားရသောအခြေအနေသို့ ရောက်ရှိနေကြပြီဖြစ်သည်။ မြေကြီးပေါ်မှာ ရှိနေကြဆဲဖြစ်သောအသင်းတော်သည် တိုက်ပွဲဝင်နေစဉ်တွင် သူတို့သည် ရုန်းကန်ခြင်းများမှ နားနေကြပြီဖြစ်သည် (ဗျာ ၁၄း၁၃)။ အပြင်သို့မသွားကြတော့ပါ (ဗျာ ၃း၁၂)။ မြေကြီးပေါ်ရှိနေကြဆဲ စစ်သူရဲများက သံချပ်တန်ဆာပလာကို ဝတ်ဆင်ရဆဲဖြစ်ချိန်တွင် သူတို့သည် ထိုသံချပ်ဝတ်စုံကို ချွတ်လိုက်ကြပြီဖြစ်သည်၊ ယခုတွင် ဝတ်ရုံဖြူကိုသာ ဝတ်ဆင်ကြပါတော့သည်။ သူတို့သည် မိမိတို့ရန်သူများ၏မျက်နှာများကို မတွေ့ရတော့ပါ၊ သို့သော် သိုးသငယ်(ခရစ်တော်)၏မျက်နှာကိုသာ မြင်တွေ့ကြပါသည် (ဗျာ ၂၂း၄)။ သူတို့၏မျက်ရည်များကို သုတ်ပေးခဲ့ပြီဖြစ်သည်၊ သူတို့အတွက် သေခြင်း မရှိတော့ပါ၊ ဝမ်းနည်းရခြင်း၊ ငိုကြွေးရခြင်း၊ နာကျင်ရခြင်းများ မရှိတော့ပါ (ဗျာ ၂၁း၄)။

ကောင်းကင်ဘုံသို့ရောက်ပြီးသော အောင်ပွဲရပြီးအသင်းတော်အကြောင်းကို တွေးခြင်းသည် ကျွန်တော်တို့အတွက် ကောင်းပါသည်။ သူတို့၏ဘုန်းကျက်သရေသည် ကျွန်တော်တို့အတွက်သက်သေဖြစ်ပါသည်။ အောင်နိုင်ခြင်းသည် ကျွန်တော်တို့အတွက်လည်းဖြစ်ပါသည်။ သိပ်မကြာခင်တွင် ကျွန်တော်တို့ သူတို့ရှိရာသို့ရောက်ကြမည်ဖြစ်ပါသည်။ သူတို့နှင့်အတူ အနားရကြပါမည်။ ထိုနေ့သည် မည်မျှကြီးမြတ်သောနေ့ဖြစ်ပါမည်နည်း! ထိုအချိန်ကို ကျွန်တော်တို့စောင့်နေကြစဉ်၊ သူတို့သည် ဘုရားသခင်ထံ ကျွန်တော်တို့၏ရန်သူများကို လက်စားချေတော်မူမည်အကြောင်း ဆုတောင်းပေးနေကြပါသည်၊ ဘုရားသခင်က သူတို့ဆုတောင်းကို အသေအချာကြားတော်မူပါသည် (ဗျာ ၆း၉–၁၁)။

နှစ်မျိုးသောအကြောင်းအရာ၌သာ သူတို့သည် မပြည့်စုံကြသေးခြင်းဖြစ်သည်။ ပထမ၊ သူတို့၏ကိုယ်ခန္ဓာများ မထမြောက်ကြသေးပါ။ ထို့ကြောင့် သူတို့သည် ကောင်းကင်ဘုံနှင့်စပ်ဆိုင်သောဘုန်းကျက်သရေကို ဝိညာဉ်နှင့်ထမြောက်ပြီးခန္ဓာနှစ်ခုလုံးဖြင့် မခံစားကြရသေးပါ။ ဒုတိယ၊ အသင်းတော်တခုလုံး ဘုန်းကျက်သရေသို့မဝင်ရသေး၊ ထို့ကြောင့် ကျွန်တော်တို့မပါသေးဘဲ သူတို့၏ဘုန်းကျက်သရေသည် မပြည့်စုံနိုင်သေးပါ။ ခရစ်တော်၏ကိုယ်ခန္ဓာတခုလုံးသည် ခမည်းတော်၏ဘုန်းကျက်သရေအတွက်တခုတည်းအဖြစ်သို့ စုရုံးရောက်ရှိရဦးမည်ဖြစ်သည်။ ထိုအချိန်ရောက်သည်အထိ ကျွန်တော်တို့က စောင့်နေသလို၊ အောင်ပွဲရပြီးအသင်းတော်သည်လည်း စောင့်နေရပါဦးမည်။

ဘုရားသခင်၏ထာဝရအမိန့်တော်မြတ်အရ၊ ခရစ်တော်၏အသွေးတော်နှင့်အုပ်ချုပ်တော်မူခြင်း၊ ဝိညာဉ်တော်၏အစိုးရတော်မူစွာလုပ်ပေးခြင်းတို့ဖြင့် အလွန်သေချာစွာရောက်မည်ဖြစ်သော ထိုနေ့ကို သေချာသောမျှော်လင့်ချက်ဖြင့် တိုက်ပွဲဝင်အသင်းတော်သည် ဆက်လက်ရှုန်းကန်လှုပ်ရှားနေပါသည်။ အောင်ပွဲရပြီးအသင်းတော် နားနေလျှက်၊ စောင့်နေလျှက်၊ ဆုတောင်းနေစဉ်တွင် တိုက်ပွဲဝင်အသင်းတော်သည် ရှုန်းကန်တိုက်ပွဲဝင်လျှက်၊ စောင့်လျှက်၊ ဆုတောင်းနေပါသည်။ မကြာခင် ကျွန်တော်တို့ အတူတူဖြစ်ကြပါတော့မည်။

## မမွေးသေးသောအသင်းတော်အကြောင်း(The Church Unborn)

ကောင်းကင်ဘုံသို့ရောက်ကြလျှက် ဘုန်းကျက်သရေဝင်စားပြီးကြသူများနှင့် ကမ္ဘာပေါ်တွင် ဆက်လက်အသက်ရှင်နေကြသေးသူများသာ မမြင်ရသောအသင်းတော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတွင် ပါကြသည်မဟုတ်ပါ။ မမွေးကြသေးသူများ၊ ကယ်တင်ခြင်းမရသေးသူများ၊ သို့သော် ဘုရားသခင်၏ရွေးကောက်တော်မူခြင်း၌ပါပြီးကြသူများလည်း ရှိနေကြပါသေးသည်။ သူတို့သည်လည်း ရွေးကောက်ခြင်းကြောင့်၄င်း၊ လက်ဝါးကပ်တိုင်ပေါ်သွန်းသော ခရစ်တော်၏အသွေးတော်ကြောင့်၄င်း၊ ပြန်လည်မွေးဖွားခြင်းကို မရကြသေးသော်လည်း၊ ယုံကြည်ခြင်းကို မရကြသေးသော်လည်း အသင်းတော်၌ ပါဝင်ကြပါသည်။

ခရစ်တော်က သူ့ကို ခမည်းတော်ကပေးပြီးဖြစ်သော်လည်း ကယ်တင်ခြင်းမရကြသေးသူများအကြောင်း မကြာခဏပြောတတ်ပါသည် (ယော ၆း၃၇၊ ၃၉၊ ၁၀း၁၆၊၂၉၊ ၁၇း၂)။ သူတို့ကို ခရစ်တော်ထံ ကမ္ဘာကြီး၏အုတ်မြစ်မချခင်ကပင် ပေးခဲ့ပြီးဖြစ်သည် (ယော ၁၇း၆၊ ဖေက် ၁း၄)၊ သူတို့အတွက် ခရစ်တော်ဆုတောင်းပေးသည် (ယော ၁၇း၉)၊ အသေခံပေးသည် (ယော ၁၇း၁၃၊ ၁၉)။ ထို့ကြောင့် သူတို့၏ကယ်တင်ခြင်း၊ အသင်းတော်ရှိသူတို့၏နေရာသည် အာမခံချက်ရှိပြီးဖြစ်ပါသည်။

သူတို့အတွက့် ခရစ်တော်ပြန်လာခြင်း နှောင့်နှေးနေခြင်းဖြစ်သည်။ ဘုရားသခင်၏အလိုတော်အတိုင်း ခရစ်တော်ပြန်မလာခင်၊ ထိုသူတို့အားလုံး မွေးဖွားရမည်၊ ကယ်တင်ခြင်း ရကြရမည်ဖြစ်သည်။ ၄င်းကို ၂ပေ ၃း၉ တွင်ဖတ်ရပါသည်။ အချို့က ထိုကျမ်းပိုဒ်တွင်ပါသော “ငမှတို့တၾင္ အဘယ္သူမွမပ်က္စီးဘဲ”ဆိုသည့်ကျမ်းပိုဒ်ကို ဘုရားသခင်က လူသားတယောက်မကျန်ကယ်တင်ခြင်းရစေ ချင်သည်ဟုဆိုလိုကြောင်း မှားယွင်းစွာအနက်ဖွင့်ကြပါသည်။ ထိုကျမ်းပိုဒ် ထိုသို့လုံးဝမပြောပါ၊ ထိုကျမ်းပိုဒ်က ပြောချင်သည်မှာ ကျွန်တော်တို့ကို ဆိုလိုပါသည်။ ကျွန်တော်တို့ဆိုသော သူရွေးကောက်သူများ တယောက်မကျန်ကယ်တင်ခြင်းကို ရစေလိုသည်။ အံ့ဩစရာကောင်းသည်မှာ ထိုသည်းခံတော်မူသောသူများထဲတွင် နောင်တမရသေးသူများကိုထည့်ပြောခြင်းဖြစ်သည်။ သူတို့သည် နောင်တမရကြသေးသော်လည်း ကျွန်တော်တို့နှင့်တအုပ်စုတည်းဟုပြောနေခြင်းဖြစ်ပါသည်။

ထိုသူများသည် ခရစ်တော်၌ရွေးချယ်ခြင်းခံရ၍၊ ခရစ်တော်က ဝယ်ယူ၍ ထိုကောင်းချီးများကို ခံကြရခြင်းဖြစ်ပါသည်။ ယခုအချိန်တွင် သူတို့သည် ခံစားနေကြရပြီဟုမဆိုလိုပါ (မွေးဖွားလာလျှက်၊ အသစ်ပြုပြင်ခြင်းကိုခံရကာ၊ နောင်တရခြင်း၊ ယုံကြည်ခြင်းကိုရရှိခြင်းပြီးမှ လက်တွေ့ခံစားကြရပါမည်)။ သို့သော် ရွေးကောက်ခြင်းနှင့်ခရစ်တော်၏အသွေးတော်တို့က အလွန်သေချာသောအာမခံကိုပေးထားပြီးဖြစ်၍၊ ထိုသူများသည် (မမွေးဖွားကြသေး၊ မပြောင်းလဲကြသေးသော်လည်း) ကျွန်တော်တို့နှင့်အတူ ထိုကောင်းချီးများကို ခံကြရပါသည်ဟုပြောနိုင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နှင့်တဖွဲ့တည်းဟု ပြောနိုင်ခြင်းဖြစ်ပါသည်။

ဤရှုထောင့်မှနေ၍သာ ၂ပေ ၃း၉ ကိုနားလည်ရပါမည်။ သို့မဟုတ်ဘဲ၊ ဤကျမ်းပိုဒ်က ဘုရားသခင်သည် လူသားတယောက်မကျန်ကို ကယ်တင်ရန်အလိုတော်ရှိသည်ဟုပြောလျှင် ကျမ်းပိုဒ်သည် ဘာအဓိပ္ပါယ်မှ ရှိတော့မည်မဟုတ်ပါ။ ခရစ်တော်ပြန်လာခြင်းသည် ရွေးကောက်သူများအားလုံး ကယ်တင်ခြင်းကို မရမချင်း ဖြစ်နိုင်ဦးမည်မဟုတ်ပါ။ ဘုရားသခင်သည် ဂရုဏာတော်ဖြင့် ပြီးသည်အထိ စောင့်နေပါသည်။

ထိုသို့မဟုတ်ဘဲ တကမ္ဘာလုံးတယောက်မကျန် ကယ်တင်ခြင်းရပြီးမှ ခရစ်တော်ပြန်လာမည်ဆိုလျှင် ဘယ်တော့မှ ပြန်လာနိုင်တော့မည်မဟုတ်ပါ။ လူသားတယောက်မကျန် ဘယ်တော့မှ နောင်တရမည်မဟုတ်ပါ၊ တယောက်မကျန် ဘယ်တော့မှ ဘုရားသခင့်စီလာမည်မဟုတ်ပါ။ အမြဲတမ်း ကယ်တင်ခြင်းမရသူများရှိခဲ့ပါသည်၊ ရှိနေဆဲဖြစ်ပါသည်၊ ရှိလိမ့်ပါဦးမည်။

ထို့မှခြားနားစွာ ခရစ်တော်၏ပြန်လာခြင်းသည် ရွေးကောက်ထားသောအသင်းတော်တခုလုံး၏ ကယ်တင်ခြင်းရမှုနှင့် ဆက်နွယ်နေပါသည်။ “အခြားသိုး”များကို ငါဆောင်ခဲ့ရဦးမည်ဟု ပြောခဲ့ပါသည်။ အာလုံး ဘုရားသခင့်ကျေးဇူးတော်ဖြင့် နောင်တရခြင်းသို့ပို့ဆောင်ပြီးသောအခါ၊ ခရစ်တော်ပြန်လာမည်မှာ အသေအချာပင်ဖြစ်ပါတော့သည်။

ထိုအချိန်ရောက်ဖို့ ကောင်းကင်ဘုံတွင်ရောက်နှင့်ပြီးအသင်းတော်က ဆုတောင်းနေပါသည်(ဗျာ ၆း၁၀–၁၁)၊ မြေကမ္ဘာပေါ်ရှိနေဆဲအသင်းတော်ကလည်း သူတို့နှင့်အတူဆုတောင်းနေပါသည် (ဗျာ ၁၂း၂၂)၊ ယနေ့တိုင်အောင် မယုံကြည်ခြင်းနှင့်မှောင်မိုက်ထဲ ရှိနေကြသည့် ဘုရားသခင့်ရွေးကောက်ခြင်းခံရသူများအားလုံး၏ ကယ်တင်ခြင်းသည် မည်သည့်အချိန်တွင်ပြည့်စုံပါမည်နည်းဟု မေးလျှောက်လျှက်ရှိနေကြပါသည်။

## အသင်းတော်အားရွေးကောက်ခြင်းအကြောင်း(The Election of the Church)

ဘုရားသခင်သည် ရွေးကောက်တော်မူခြင်းတွင် တသီးပုဂ္ဂလတဦးချင်းများကိုသာ ရွေးကောက်သည် မဟုတ်ပါ၊ အသင်းတော်ကို ရွေးကောက်ခြင်းဖြစ်ပါသည်။ ထိုရွေးကောက်သောတဦးချင်းကို အသင်းတော်ဆိုသော ခရစ်တော်၏ကိုယ်ခန္ဓာတွင် နေရာ

ပေးရန်ဖြစ်ပါသည် (ဆာလံ ၁၃၂း၁၃ နှင့် ဟောရှေ ၁၂း၂၂၊ ၁ပေ ၂း၉ တို့ကို နှိုင်းယှဉ်ကြည့်ပါ)။ မည်မျှခန်းနားသောအမှန်တရားပါနည်း!

ရွေးကောက်ခြင်းသည် ထင်ရာမြင်ရာ၊ ကြုံရာကျပန်း လုပ်ကိုင်ခြင်းမဟုတ်ပါ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်ခြင်းဖြစ်သည်။ အသင်းတော်အားရွေးကောက်ခြင်းတွင် သက်သေဖြစ်ပါသည်။ ကျမ်းစာက အသင်းတော်သည် အဆောက်အဦးဖြစ်သည်၊ အိမ်ဖြစ်သည်ဟု သင်ပေးခြင်း၏အဓိပ္ပါယ်ရှိမှုကို ဤနေရာတွင်တွေ့နိုင်ပါသည်။ အဆောက်အဦးတည်ဆောက်သူက မိမိသုံးမည့် ပစ္စည်းများကို ရွေးသလို၊ ဘုရားသခင်ကလည်း ပုဂ္ဂိုလ်တဦးချင်းစီကို ထိုဝိညာဉ်ရေးရာအဆောက်အဦ၊ ခရစ်တော်၏ကိုယ်ခန္ဓာ၌ ကိုက်ညီစွာနေရာချရန် ရွေးချယ်ပါသည် (ဖေက် ၂း၂၀–၂၂၊ ၁ပေ ၂း၅)။

မည်သည့်အဆောက်အဦးဆောက်လုပ်သူကမှ ပထမ မည်သို့ဆောက်လုပ်မည်ဟု ဒီဇိုင်းမချမှတ်ဘဲ ဆောက်လုပ်သူမရှိပါ။ ဘုရားသခင်သည်လည်း ထို့အတူ အသင်းတော်ကို ဒီဇိုင်းအရင်ချမှတ်ကာ တည်ဆောက်ပါသည်။ ထိုအိမ်တွင် မည်သူပါမည်၊ မည်သည့်နေရာကျမည် ဆိုသည်တို့ကို ဆုံးဖြတ်သူသည် လူသားမဟုတ်ပါ၊ ဘုရားသခင်ကိုယ်တိုင်ဖြစ်ပါသည်။ အဆောက်အဦအတွက်ဖြစ်သော သစ်သားကျောက်တုံးတို့က သူတို့ အိမ်၏မည်သည့်နေရာတွင် နေမည်ဟု မပြောနိုင်သလို၊ လူသားတို့ကလည်း ဘုရားသခင်၏အိမ်တော်တွင် မည်သည့်နေရာကငါပါမည်၊ နေမည်ဟု ဆုံးဖြတ်နိုင်ခွင့်မရှိပါ။ ရွေးချယ်နိုင်ခွင့်မရှိပါ။

ဘုရားသခင်သည် သူ၏အိမ်တော်အတွက် ပစ္စည်းပစ္စရများကို အရှာထွက်၍တွေ့ကောင်းတွေ့မည်ဆိုသည့်ပုံစံဖြင့် ထွက်မရှာပါ။ ထိုမှဆန့်ကျင်စွာ ဘုရားသခင်သည် သူ၏ဝိညာဉ်ရေးအိမ်တော်(အသင်းတော်)ကို သေချာစွာ စီမံကိန်းချပြင်ဆင်ပါသည်၊ ထာဝရကာလမှနေ၍ စီစဉ်တကျ ပြုတော်မူပါသည်။ လူတဦး၏ဘဝတွင် တွေ့ကြုံရမည်များ၊ သူ့ပတ်ဝန်းကျင်၊ ဖြစ်ရမည့်အဖြစ်အပျက်များ အားလုံးကို ကြိုတင်ချမှတ်ပါသည်။ ဘုရားသခင်သည် သူ၏ရွေးကောက်တော်မူခြင်းတွင် တဦးချင်း မည်သို့ဖြစ်လာမည်၊ သူဆုံးဖြတ်ထားသောနေရာသို့ အံကိုက်မည်သို့နေရာကျမည် စသည်တို့အားလုံးကို အသေးစိတ် ကြိုတင်ဆုံးဖြတ်ချမှတ်သည် (ယာကုပ် ၁း၅)။

ထို့အတူ အိမ်ဆိုသည်မှာ နှစ်များစွာခံရန် ခိုင်မာစွာ၊ သေချာစွာ ဆောက်ရမည်ဖြစ်၍ ဘုရားသခင်သည် ခရစ်တော်ကို ထိုအိမ်၏ အခြေခံအုတ်မြစ်အဖြစ် ရွေးပါသည် (၁ပေ ၂း၆)။ တအိမ်လုံးသည် ခရစ်တော်အပေါ်အခြေခံလျှက်၊ ခရစ်တော်နှင့်ဆက်စပ်ကိုက်ညီလျှက်သာ ဆောက်လုပ်ပါသည်။

ရွေးကောက်ခြင်းခံရသူများအားလုံး စုစည်းပြီး၊ ကယ်တင်ခြင်းရပြီဖြစ်သောအခါ၊ ထိုဝိညာဉ်ရေးအိမ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင် နေထိုင်သောနေရာဖြစ်လာပါမည်(ဖေက် ၂း၂၂)။ ၄င်း၏ဂုဏ်ကျက်သရေနှင့်လှပခြင်းအားလုံးသည် သူ၏အရာသာဖြစ်ပါမည်။ ဘုရားသခင်သည် ထိုအိမ်ကို ဒီဇိုင်းဆွဲသူ၊ တည်ဆောက်သူသာမကပါ၊ အစိကနေထိုင်သူလည်းဖြစ်လာပါမည်။

ပြောစရာကျန်ပါသေးသည်။ ထိုအသင်းတော်ကိုရွေးကောက်ခြင်းက အသင်းတော်၏ညီညွတ်ခြင်းကို အာမခံချက်ပေးသလိုဖြစ်လည်းဖြစ်စေပါမည် (ယော ၁၀း၁၆၊ ဖေက် ၁း၉–၁၀)။ ရွေးကောက်ခြင်းခံရသူများအားလုံးကို ခရစ်တော်ထံ၌ရွေးကောက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် သူနှင့်တစ်စုတည်းဖြစ်သည်။ ထို့ကြောင့် ပေါလုက ညီညွတ်ကြပါဟု မပြောဘဲ၊ ညီညွတ်ခြင်းကို ထိန်းကြပါဟုသာပြောရခြင်းဖြစ်သည် (ဖေက် ၄း၃)။ ခရစ်တော်၌ကျွန်တော်တို့ကို ရွေးကောက်ထားသောကြောင့် ညီညွတ်ခြင်းသည် ပြောစရာမလိုသောကိစ္စဖြစ်ပါသည်။

ရွေးကောက်ခြင်းက အသင်းတော်၏သန့်ရှင်းခြင်းကိုလည်း အာမခံချက်ပေးပါသည် (ဖေက် ၁း၄)။ ကျွန်တော်တို့သည် သန့်ရှင်းကြသောကြောင့် ရွေးကောက်ခြင်းခံကြရသည်မဟုတ်ပါ၊ သန့်ရှင်းကြရန်ရွေးကောက်ခြင်းဖြစ်ပါသည်။ ထိုသန့်ရှင်းကလည်းလိုအပ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်သည် ဘုရားသခင်နေထိုင်ရာနေရာဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ဝိညာဉ်တော်အားဖြင့် ညစ်ညူးသောနေရာ၊ မသန့်ရှင်းသောနေရာတွင် နေမည်မဟုတ်ပါ။ အိမ်၏ပုံသဏ္ဍာန်အားဖြင့် ထပ်ပြောနိုင်သည်မှာ ရွေးကောက်ခြင်းဆိုသည် ကြိုတင်စီမံကိန်းရှိ၍ အိမ်သည် လှကိုလှမည်ဆိုသည့် အာမခံချက်လည်းပေးပါသည်။

အသင်းတော်ကို စုစည်းခြင်း၊ တည်ဆောက်ခြင်းဆိုသော ကြီးမြတ်သည့်လုပ်ငန်းသည် အပြီးမသတ်သေးပါ။ ၄င်း၏အဆုံးသတ်ခန်းနားခြင်းများသည် ထိုမမြင်ရသေးသောအရာများအပေါ် တည်မှီလျှက် ရှိနေပါသေးသည်။ ယခုကျွန်တော်တို့ တွေ့နေရသောအသင်းတော်သည် တနေ့ရောက်လာမည့်အသင်းတော်၏အခြေနေမှန် မဟုတ်သေးပါ။ အသင်းတော်ကို အပြည့်အဝ တည်ဆောက်ပြီးသောအခါ၊ ၄င်းက ရွေးကောက်ခြင်းခံရသူများကို အမိုက်မှောင်မှ အံ့ဩစရာအလင်းထဲသို့ ခေါ်ထုတ်တော်မူသောသူ၏ချီးမွမ်းရခြင်းများကို ထုတ်ပြမည်ဖြစ်ပါသည်။ ထိုအခါ အသင်းတော်သည် သူ၏တန်ခိုးတော်၊ ဉာဏ်ပညာတော်၊ ကျေးဇူးတော်တို့ကို ဖေါ်ညွှန်းနေသည့် မော်ကွန်းတိုင်အဖြစ် အမြဲ ရပ်တည်နေမည်ဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++

## ပညာရေးကိုခရစ်ယာန်တယောက်အနေနှင့်နားလည်ခြင်း

ဒီနေ့ကျွန်တော်တို့တိုင်းပြည်မှာ ကိုယ်ပိုင်ကျောင်းတွေဖွင့်လာခွင့်ကို နှစ်ပေါင်း(၅၀)အတွင်းမှာ ပထမဆုံးအကြိမ် ပြန်ခွင့်ပြုနေပြီ။ ဒီတော့ ကျွန်တော့်တာဝန်က ပညာရေးဆိုတာဘာလဲ? ပညာရေးကို ကျမ်းစာကနေ ဘယ်လိုမြင်သလဲ? ခရစ်ယာန်တယောက်က ပညာရေးကို ကျမ်းစာကပြောသလို ဘယ်လိုခံယူရမလဲ? ဒါတွေကို ပြောပြဖို့လိုလာပါတယ်။ ကျွန်တော်တို့မှာ သားသမီး

တွေနဲ့ ဆွေမျိုးမိတ်ဆွေတွေရဲ့သားသမီးတွေ အမြဲတမ်းအနားမှာ ရှိကြပါတယ်။ ဒီတော့ ကလေးတွေရဲ့ ပညာရေးကို ဂရုစိုက်ဖို့ လိုလာပါတယ်။

ပထမဆုံးပညာရေးဆိုတဲ့စကားနဲ့စရအောင်။ အင်္ဂလိပ်လို ပညာရေးကို "အက်ဂျူကေးရှင်း"(education)လို့ခေါ်ပါတယ်။လက်တင်ဘာသာစကား(အက်ဒူခဲယား)ကနေဆင်းသက်လာတာဖြစ်တယ်။ ပညာပေးခြင်း၊ လေ့ကျင့်ပေးခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ အဲဒီစကားလုံးဟာ "ငါ အထဲကနေထုတ်ပေးတယ်"ဆိုတဲ့စကားကနေ ထပ်ပြီးဆင်းသက်လာတာဖြစ်တယ်။ ဒီတော့ ပညာရေးဆိုတာဟာ တစုံတဦးထံမှ တစုံတရာကို ဦးဆောင်၍ ထုတ်ပေးခြင်းလို့ အဓိပ္ပါယ်ရပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ ကလေးတွေအားလုံးစီမှာ လက်ဆောင်အနေနဲ့ပေးပြီးသားအရည်အချင်းတွေကို ထုတ်ပေးခြင်းပါဘဲ။ ဒါ့ကြောင့် ကလေးတွေကို သင်ပေးရတာ အရမ်းကောင်းတဲ့လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ပညာသင်ပေးခြင်းဆိုတာ အထဲကနေ ဘုရားပေးထားတာကို ထုတ်ပေးယုံမကဘဲ၊ အပြင်ဖက် ဘုရားဖန်ဆင်းထားတဲ့ကမ္ဘာကြီးရဲ့အကြောင်းတွေကို ထည့်ပေးခြင်းလည်း ပါပါတယ်။ ဒါ့ကြောင့်ပညာပေးခြင်းကို ကျွန်တော်တို့ ခရစ်ယာန်တွေက ထုတ်ပေးခြင်းနဲ့ထပ်ထည့်ပေးခြင်းလို့ နှစ်ပိုင်းမြင်ပါတယ်။

လူဟာမျောက်ကနေမဆင်းသက်ဘူး၊ ဘုရားသခင်က ဖန်ဆင်းတာဖြစ်တော့၊ ပညာရေးကိုအဲဒီကနေ စမြင်ရပါမယ်။ သုံးပါးတဆူပဋိညာဉ်ဘုရားသခင်ဟာ လူကို သူ့ရဲ့ပုံသဏ္ဍာန်အတိုင်းဖန်ဆင်းပါတယ်။ ဒီတော့ ပထမဆုံးကျောင်းဆရာဟာ ဘုရားသခင်ကိုယ်တိုင်ဖြစ်ပါတယ်။ ပထမဆုံးကျောင်းသားကတော့ အာဒံပေါ့၊ ဧဝနဲ့အတူတက်တာပေါ့။ သူတို့ကို ဖန်ဆင်းကထဲက အချို့သောအခြေခံနားလည်ခြင်းတွေကို ပေးထားပြီးဖြစ်တယ်။ ဒါ့ကြောင့် ဘုရားသခင်ဟာ ဘုရားသခင်ဖြစ်တယ်လို့သိကြတယ်။ လူအချင်းချင်းလည်းသိပါတယ်။ အာဒံက ဧဝကိုသိတယ်၊ ဧဝကလည်း အာဒံကိုသိပါတယ်။ ဒါ့အပြင် ပညာရေးဆိုတာ ဖန်ဆင်းထားတဲ့ကမ္ဘာကြီးအကြောင်းထပ်ထည့်ပေးခြင်းဆိုတာကိုလည်း၊ ဘုရားသခင်က ဖန်ဆင်းထားတဲ့တိရိစ္ဆာန်တွေကို အာဒံ့စီခေါ်လာပြီး၊ သူပေးတဲ့နာမည်အတိုင်းခေါ်တဲ့အကြောင်းကနေ သိနိုင်ပါတယ်။

ဒီတော့ ဒီကနေစပြီးပညာရေးရဲ့အဓိကရည်ရွယ်ချက်ကိုတွေ့ရပါပြီ။ ဘာလဲဆိုတော့ ဘုရားသခင်ကို နှလုံးသားအကုန်လုံး၊ ဝိညာဉ်တခုလုံး၊ တွေးခေါ်ခြင်းစိတ်အားလုံးနဲ့ချစ်မြတ်နိုးတတ်ဖို့ပါဘဲ။ ဒါဟာ ဖန်ဆင်းခြင်းကစတဲ့ ပညာသင်ပေးခြင်းရဲ့အဓိကရည်ရွယ်ချက်ဖြစ်တယ်။ ကလေးတွေကိုပညာသင်ပေးတာဟာ ဘုရားသခင်ကိုအဲဒီလို သူတို့ရဲ့ဖြစ်တည်ခြင်းတခုလုံးနဲ့ချစ်တတ်ဖို့ စာသင်ပေးတာဖြစ်တယ်။ ပထမဆုံး ပညာသင်ပေးသူ ဘုရားသခင်၊ ပညာသင်ကျောင်းသား အာဒံနဲ့ဧဝ၊ နောက်တော့ ဘုရားသခင်က မိဘတွေစီလွှဲပေးပါတယ်။ ဒါ့ကြောင့်ဘဲ အချိန်တန်တဲ့အခါမှာ ကိန်းနဲ့အေဘယ်လ်တို့ဟာ ဘုရားသခင်ကို ဘယ်လိုဝတ်ပြုရမယ်ဆိုတာသိနေတာပေါ့ (ကမ္ဘာ ၄)။

အဲဒီရည်ရွယ်ချက်ဟာ လူသားအပြစ်ထဲမှာကျဆုံးတော့ ပြောင်းသွားပါတယ်။ ပညာသင်ပေးခြင်းက မိဘတွေကနေဖြစ်နေပေမဲ့၊ ကိန်းကနေစပြီး၊ လောကသားမယုံကြည်သူတွေက သူတို့ဘာသာ ဘုရားတရားမဲ့တဲ့ပညာရေးကို သင်လာတာ ဒီနေ့ထိအောင်ပါဘဲ။ ဒါပေမဲ့ ယုံကြည်သူတွေကတော့ ဆက်ပြီး မှန်ကန်သောရည်ရွယ်ချက်နဲ့ သူတို့ရဲ့ပဋိညာဉ်သားသမီးတွေကို ပညာသင်ကြပါတယ်။ ကျောင်းဆိုတာ အတော်နောက်ကျမှဖြစ်ပေါ်လာတဲ့ လူမှုဘဝပုံစံတမျိုးဖြစ်ပါတယ်။ ပထမဆုံးပညာသင်ပေးတဲ့နေရာဟာ အိမ်ပါဘဲ။ ဒါ့ကြောင့် ဒီနေ့ထိ မိဘတွေက ကလေးတွေကိုပညာသင်ပေးရမှာဖြစ်တယ်။ ပညာသင်ခြင်းဟာ သူများတာဝန် မဟုတ်ဘူး။ အဖေ့တာဝန်ဖြစ်တယ်။

နောက်ပိုင်း လူဦးရေများလာတော့၊ မိဘတွေစုပြီး ပဋိညာဉ်သားသမီးတွေကို ဆရာတွေခန့်ပြီးသင်ပေးကြပါတယ်။ ဒီမှာလည်းအဓိကပညာသင်သူတွေဟာ မိဘတွေဘဲ၊ ဆရာဆိုတာ မိဘတွေက ငှားတာဖြစ်တယ်။ ဒါကို သမိုင်းတလျှောက်မှာတွေ့ရပါတယ်။ ကျမ်းစာကမှတ်တမ်းတင်ပေးပါတယ်။ ကမ္ဘာ ၄း၂၆ "ရှေသသည်လည်း သားကိုရ၍ ဧနုတ်ဟူသောအမည်ဖြင့် မှည့်လေ၏။ ထိုကာလ၌၊ ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ပဌနာပြုကြလေ၏။" အေဘဲလ်သေပြီးတာနဲ့ ဘုရားသခင်က နောက်ပဋိညာဉ်သားတ ယောက်ကိုပေးပါတယ်၊ သူကတော့ "ဆက်သ်"ဖြစ်တယ်။ သူ့ခေတ်ကနေ၊ ယုံကြည်သူတွေဟာ တစုတဝေးထဲမိသားစုတွေစုဝေးပြီး ဝတ်ပြုတယ်၊ "စုဝေးကြတယ်"ဆိုတာအရေးကြီးတဲ့စကားလုံးဘဲ၊ အဲဒီကနေ မိဘတွေစုပေါင်းစုဝေးလျှက်၊ သူတို့ရဲ့ပဋိညာဉ်သားသမီး တွေကို ဘုရားသခင်ကိုချစ်မြတ်နိုးဖို့ပညာစသင်ပေးတော့တာပါဘဲ။ နောက် နောဧခေတ်ရောက်တော့ တခါ အစကနေပြန်စရပါ တယ်။ အဲဒီနောက်မှာ အာဗြဟံက သူ့သားနဲ့တပည့်တွေကို ထပ်ပြီးပညာသင်ပေးပါတယ်။ အာဗြဟံဟာ တယောက်တည်းမဟုတ်ပါ ဘူး။ တပည့်တပန်းတွေအများကြီးရှိပါတယ်။ သူ့တူ လောတ စစ်သုံ့ပန်းဖြစ်သွာလို့ ပြန်ကယ်တင်တဲ့အကြောင်းကို ကမ္ဘာ ၁၄း၁၄မှာ ဒီလိုမှတ်တမ်းတင်ပေးပါတယ်၊ "အာဗြံသည် မိမိအစ်ကို၏သားကို ဘမ်းသွားကြောင်းကို ကြားလျှင်၊ မိမိအိမ်၌ဘွားမြင်သော လူသုံးရာတဆယ့်ရှစ်ယောက်တို့ကို စီရင်၍၊ ဒန်မြို့တိုင်အောင် လိုက်လေ၏။" ဒီမှာ "သွန်သင်သော"လို့ပါတဲ့အတွက် သင်ပေးတာဖြစ်တယ်။ အဲဒီက နေ မောရှေခေတ် ဘီစီ ၁၄၀၀ လောက်မှာ ယုံကြည်သူတွေဟာ အီဂျစ်ကနေပြန်ထွက်လာတော့ သားသမီးတွေကို ဆက်ပြီးသင်ကြ ပြန်ပါတယ်၊ တရားဟောရာကျမ်း ၆း၇ "ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍ သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ၊ ထိုစကားကိုဟောရမည်။" ဒီမှာ သွန်သင်ရမည်ဆိုတဲ့စကားဟာ သင်ပေးပါလို့ပြော တာဖြစ်တယ်။ ကျမ်းစာကိုဘဲပြောတာမဟုတ်ဘူး၊ ပညာရေးအားလုံးကိုပြောနေတာဖြစ်တယ်။ အဲဒီနောက်မှာ ပရောဖက်တို့ရဲ့ ကျောင်း ဆိုတာတွေပေါ်လာပါတယ် (၁ရာ ၁၀း၅)။ ဒါဟာ ဘီစီ ၉၀၀ ဝန်းကျင်မှာဖြစ်တယ်။ ၄ရာ ၄း၃၈၊ ၆း၁ တို့ကိုလည်းဖတ်ရင် တွေ့နိုင်ပါတယ်။ အဲဒီလိုကျောင်းမျိုးကို တမန် ၁၉း၁၊ ၈–၁၀ မှာလည်းတွေ့နိုင်ပါတယ်။ ဒါဟာ အေဒီ ၆၀ ဝန်းကျင်မှာဖြစ်တယ်။

ကျွန်တော်ဘာလို့ဒါတွေကို အတိအကျရေးပြနေတာလည်းဆိုရင်၊ ကျွန်တော်တို့ ခရစ်ယာန်တွေဟာ ကျောင်းဆိုတာကို အစောကြီးကတည်းက ပိုင်နေကြပြီဖြစ်တယ်။ ဂရိတွေ၊ ရောမတွေစီကနေ ဒါတွေကို ခရစ်ယာန်တွေက ယူတာမဟုတ်ဘူး။ ဂရိတွေ ရောမတွေ မရှိခင်ကတည်းက ခရစ်ယာန်တွေဟာ မိဘတွေရဲ့ဦးဆောင်မှုနဲ့ကျောင်းဆိုတာကို လုပ်ကိုင်နေကြပြီးပြီဆိုတာ သိစေချင်လို့ဘဲ။

ဒါ့ကြောင့် ခရစ်ယာန်မိဘတွေဟာ ကလေးရဲ့ပညာရေးကို ထိန်းချုပ်သူတွေဖြစ်တယ်၊ ကျောင်းကမထိန်းချုပ်ဘူး၊ အစိုးရက မထိန်းချုပ်ဘူး။ ပညာရေးပညာရှင်တွေကမထိန်းချုပ်ဘူး။ ပညာတတ်လူတစုက မထိန်းချုပ်ဘူး။ ခရစ်ယာန်တွေဟာ ကိုယ့်ကလေးတွေကို ဖန်ဆင်းရှင် သုံးပါးတဆူဘုရားသခင်အကြောင်း သင်ပေးရမယ်၊ ကယ်တင်ရှင်အကြောင်း သင်ပေးရပါမယ်။ ပြီးတော့ အတွေးအခေါ် ဒဿနပညာအနေနဲ့ ဖန်ဆင်းခြင်းတခုလုံးကို ခြုံငုံနားလည်တတ်ဖို့ သင်ပေးရမယ်။ သင်္ချာပညာကို ဘုရားသခင်က သူဖန်ဆင်းတာတွေကို ဘယ်လိုရေတွက်သလည်းဆိုတဲ့ရှုထောင့်ကနေသင်ပါမယ်။ သဘာဝသိပ္ပပညာတွေဖြစ်တဲ့ ရူပဗေဒ၊ ဘိုင်အိုလော်ဂျီစတာတွေကို ဘုရားသခင်ဖန်ဆင်းထားတာတွေရဲ့အကြောင်းအရာတွေနားလည်ဖို့ သင်ပေးရပါမယ်။ သမိုင်း၊ ပထဝီ၊ ဘာသာစကား စတာတွေကိုသင်ရပါမယ်၊ ရေးတတ်ဖို့ဖတ်တတ်ဖို့ကနေအစပေါ့၊ ဒါတွေကို ဖန်ဆင်းခြင်းရဲ့ သီးသန့်ကျသောကဏ္ဍများအနေနဲ့ သင်ပေးရမှာဖြစ်တယ်။ အတိုချုပ်ပြောရရင် အလွန်ကျယ်ပြန့်စွာ၊ ပြည့်စုံစွာ အကြောင်းအရာမျိုးစုံ၊ သိပ္ပံအတတ်ပညာမျိုးစုံကို ဘုရားသင်ရဲ့ ဖန်ဆင်းထားတဲ့ကမ္ဘာကြီးကိုနားလည်ဖို့ ပိုတိုးတက်အောင်လုပ်တတ်ဖို့၊ ဘုရားသခင်ရဲ့ဘုန်းတော်ကို သဘောပေါက်ဖို့ အသေအချာသင်ပေးရမှာဖြစ်တယ်။

ဒါကို မိမိကိုယ်တိုင်သင်ရင်သင်၊ ဒါမှမဟုတ် မိဘများစုဝေးပြီး ဆရာကောင်းငှားပြီး ကိုယ်ပိုင်ကျောင်းနဲ့သင်ပေးရမှာဖြစ်တယ်။ အရင်ကမဖြစ်နိုင်ခဲ့ဘူး။ အခုတော့ဖြစ်နိုင်လာပြီ၊ ဒါ့ကြောင့် လက်တွေ့ဖြစ်လာဖို့ ဆုတောင်းပြီးကြိုးစားကြရမှာဖြစ်တယ်။

ကမ္ဘာမှာတော့ အစကထဲကလွတ်လပ်တော့၊ မယုံကြည်သူတွေက သူတို့ရဲ့ မျောက်မသားသီအိုရီနဲ့ လူသားအစိကဝါဒကို သင်ပေးဖို့ ကျောင်းတွေလုပ်ကြပါတယ်။ ဒါကို အစိုးရက ကူညီပြီး ပတ်ဗလစ်စကူးဆိုပြီး တည်ထောင်ကြတယ်။ အဲဒီကျောင်းတွေက ဆိုးသွမ်းလူငယ်မျိုးစုံကိုထုတ်လုပ်ပေးပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်မိဘများဟာ ဘယ်တော့မှ အစိုးရထောက်ပံ့ ပတ်ဗလစ်စကူးတွေမှာ ကလေးတွေကိုမထားကြဘဲ။ မိဘများဦးစီးတဲ့ ခရစ်ယာန်ကျောင်းများကို တည်ထောင်ပြီး၊ အဲဒီဗယုတ်သုတ်ခလူငယ်တွေနဲ့ သူတို့ကလေးတွေ မရောရလေအောင် သမိုင်းတလျှောက် ထိန်းသိမ်းလာခဲ့ကြတာ ဒီနေ့အထိပါဘဲ။ တချို့သောမိဘတွေကတော့ အိမ်သင်ကျောင်း၊ ဟုမ်းစကူး၊ ဆိုပြီးအိမ်မှာဘဲ မိဘတွေက သင်ပေးနေကြပါတယ်၊ ဒီနေ့ထိဘဲဖြစ်တယ်။ ကလေးတွေဟာ မူကြိုကနေ၊ ၁၀ တန်းအထိ အိမ်မှာဘဲ၊ မိဘတွေကသင်ပေးတယ်။ စာမေးပွဲဖြေဖို့လိုတဲ့အခါမှာ အပြင်ဆရာ/ဆရာမကိုခေါ်ပြီး၊ ကောလိပ်အသိအမှတ်ပြု စာဖြေဌာနတွေရဲ့မေးခွန်းတွေကိုဖြေခိုင်းတယ်၊ ပြီးမှ ကောလိပ်ဆက်တက်ကြတယ်။ ဒီနေ့ ကမ္ဘာ့ခေါင်းဆောင် လူကောင်းအများစုဟာ အဲဒီလို မိဘတွေရဲ့ကျောင်း၊ ခရစ်ယာန်မိဘတွေရဲ့ကျောင်းတွေကနေ ထွက်လာကြတာဖြစ်တယ်။ ဒီနေ့ ဗယုတ်သုတ်ခအကြီးစားတွေ၊ လမ်းသရဲ ကလေကချေတွေကတော့ အစိုးရထောက်ပံ့ခံ ပတ်ဗလစ်တကူးတွေကနေ ထွက်လာကြတာဖြစ်တယ်။

ဂရိတွေဟာ ပထမဆုံး ကလေးတွေကို မိဘတွေစီကနေ ခွဲထုတ်ပြီး ပညာသင်ဖို့ စတွေးသူလူဆိုးများဖြစ်တယ်။ ပလေတို၊ အရစ္စတိုတယ် တို့ရဲ့ အတွေးအခေါ်တွေမှာ စပြီးတော့ ပညာရေးကို မိဘကမကိုင် အစိုးရကကိုင်ရမယ်ဆိုတာစတွေးကြတယ်၊ ဘီစီ ၆၀၀ ဝန်းကျင်ကပေါ့။ အဲဒါကို ကားလ်မာစ့်ဆိုတဲ့ ကွန်မြူနစ်ဝါဒစတင်သူက ဆက်ပြီးထိန်းသိမ်းတယ် (အေဒီ၁၈၀၀ ခန့်)။ ဒါကို လီနင်က ဆိုဗီယက်ရပ်ရှားနိုင်ငံမှာ ၁၉၁၇ နှစ်လောက်ကနေ လက်တွေ့ကျင့်သုံးတယ်၊ ကိုယ်ပိုင်ကျောင်းဘာမှ မရှိရ အစိုးရကသာ ကျောင်းကိစ္စကိုင်တွယ်မယ်လို့ပြောပြီး၊ ကျောင်းရှိသမျှ ပြည်သူပိုင်သိမ်းပြီး၊ အစိုးရကျောင်းဘဲထားတယ်။

အဲဒီအစိုးရချုပ်ကိုင်တဲ့ပညာရေးစနစ်ဟာ ကျွန်တော်တို့မြန်မာပြည်ကို ၁၉၆၀ ဝန်းကျင် ဗိုလ်ချုပ်နေဝင်းအစိုးရက စတင်ကျင့်သုံးတယ်၊ အဲဒီနောက် ၁၉၈၈ မှာ စစ်တပ်ကဆက်ပြီး ကျင့်သုံးတယ်။ ဒီနေ့ထိတိုင်အောင် ဒီလိုဘဲဖြစ်နေပါတယ်။ အခုတော့ အစိုးရက စပြီးပွင့်လင်းတယ်။ ဒါပေမဲ့ ဘာကိုသင်ရမယ်ဆိုတာ ဆက်ပြီးကိုင်နေတုန်းဘဲ၊ မလွတ်လပ်သေးပါဘူး။ ကိုယ်ပိုင်ကျောင်းဆိုတာ အစိုးရဆွဲပေးတဲ့ သင်ရိုးညွှန်းတမ်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ဆက်သင်ရဆဲကျောင်းအဖြစ်ဘဲရှိပါသေးတယ်။ ကိုယ့်ဘာသာကိုယ် သင်ရိုးညွှန်းတမ်းဆွဲလို့မရသေးပါဘူး။ ဒါ့ကြောင့် မလွတ်လပ်သေးပါဘူး။ မိဘတွေ ဘုရားပေးတဲ့ကိုယ့်တာဝန်ကို မမေ့ပါနဲ့။ ကလေးတွေ ကျောင်းတက်တယ်ဆိုတာ၊ အဲဒီကျောင်းက အကျင့်စာရိတ္တအဆိုးအဝါးတွေကို သွားသင်ရတာလို့ သိမှတ်ပြီး၊ တနေ့ မိဘတွေ ထိန်းချုပ်တဲ့ ကျောင်းတွေတည်ထောင်နိုင်တဲ့အထိ ဆုတောင်းကြပါမယ်။

××××××××××××××××××××××××××××××××××××××

၂ကော ၄း၁–၁၅ (ကျိန်းဘုရင်မူ)

၁ – သန့်ရှင်းသူများကို ပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ရေးသားဖို့ရန် ငါ့အတွက် မလိုအပ်သောအရာဖြစ်ပါသည်၊

၂ – အဘယ့်ကြောင့်ဆိုသော် သင်တို့၏အဆင်သင့်ရှိသောစိတ်သဘောကို ငါသိပါသည်၊ ထို့အတွက်ကြောင့် ငါသည် မက်စီဒိုးနီး ယားနိုင်ငံသားတို့ရှေ့တွင် အမြဲ ကြွားနေရသည်၊ အာခါယနိုင်ငံသားတို့သည် တနှစ်ခန့်ကထဲက အဆင့်သင့်ရှိနေကြပြီဟု ငါပြော လေ့ရှိသည်၊ သင်တို့၏ စိတ်အားထက်သန်မှုက လူအများကို နိုးထစေပါသည်။

၃ – သို့သော် ငါ ညီအကိုတစုကို လွှတ်လိုက်ပါသည်၊ သို့မဟုတ်ပါက သင်တို့အတွက် ငါတို့၏ဝါကြွားခြင်း အချည်းနှီးဖြစ်မည်စိုးရပါသည်၊ ငါပြောခဲ့သလို၊ သင်တို့ အဆင်သင့်ဖြစ်နေကြပါမည်၊
၄ – သို့မဟုတ် မက်စီဒိုးနီးယားနိုင်ငံသားတို့ ငါနှင့်အတူလိုက်လာကြ၍ သင်တို့အဆင်သင့်မဖြစ်ကြသည်ကိုမြင်လျှင် သူတို့ပျော်နေပါဦးမည်၊ သင်တို့အပေါ် စိတ်ချလျှက် ကြွားဝါနေကြသောငါတို့သည်(သင်တို့လည်းအပါ)အရှက်ကြမည်စိုးရပါသည်။
၅ – ထို့ကြောင့် ညီအကိုများကို နှိုးဆော်တိုက်တွန်းခြင်းသည် လိုအပ်မည်ဟု ငါတွေးလျှက်၊ သူတို့သည် သင်တို့ထံ ကြိုတင်သွားကြကာ ကြိုတင်၍သင်တို့၏ရက်ရောမှုကို ကြိုတင်ပြင်ဆင်ကြပါမည်၊ ရက်ရောမှုဖြစ်သည် လောဘကြီးမှုမဟုတ်ပါ။
၆ – ဤအချက်ကိုငါပြောပါမည်၊ ချွေတာစွာ စိုက်ပျိုးသူသည် ချွေတာစွာ ရိတ်သိမ်းရမည်၊ အလျှံအပယ်စိုက်ပျိုးသူသည် အလျှံအပယ်ကို ရိတ်သိမ်းရပါမည်။
၇ – လူတိုင်း သူ၏နှလုံးသားမှရည်ရွယ်သည်အတိုင်း ပေးပါစေ၊ နှမြောတွန့်တိုသောစိတ်နှင့်မပေးရ၊ (သို့) မဖြစ်မနေပေးရမည်ဆိုသောကြောင့် မပေးရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် စိတ်ကြည်နူးစွာပေးသူကို ချစ်တော်မူသည်။
၈ – ထို့အပြင် ဘုရားသခင်သည် အားလုံးသောကျေးဇူးတော်များကို သင်တို့ထံ ပေါများစေနိုင်ပါသည်၊ ထိုသို့ဖြင့် သင်တို့သည် အရာအားလုံး၌ လုံလုံလောက်လောက်ရှိနိုင်ကြပါမည်၊ ကောင်းသောအလုပ်အားလုံး၌ တိုးတက်နိုင်ကြပါမည်။
၉ – (“ကျယ်ပြန့်စွာ ဖြန့်သူ၏၊ ဆင်းရဲသူများကို ပေးကမ်းသူ၏ ဖြောင့်မတ်ခြင်းသည် ထာဝရတည်မြဲမည်”ဟု ရေးထားသကဲ့သို့ ဖြစ်ပါသည်။
၁၀ – ယခုတွင် စိုက်ပျိုးသူအတွက် မျိုးစေ့ကို ပံ့ပိုးပေးသူ ဘုရားသခင်သည် သင်တို့ကို အစားအစာနှင့် သင်တို့စိုက်ပျိုးသောမျိုးစေ့နှစ်မျိုးစလုံးကို တိုးပွားစေတော်မူမည်၊ ထို့အပြင် သင်တို့၏ဖြောင့်မတ်ခြင်းအသီးအပွင့်များကိုလည်း ပွားများစေတော်မူမည်၊)
၁၁ – အရာခပ်သိမ်း၌ အားလုံးသောပေါများလှခြင်းသို့ ကြွယ်ဝစေခြင်းကို ခံကြရသည်နှင့်အညီ ငါတို့အားဖြင့် ဘုရားသခင်အားကျေးဇူးတင်ရခြင်းကို ဖြစ်စေပါသည်။
၁၂ – အဘယ့်ကြောင့်ဆိုသော် ဤကူညီစောင်မခြင်းက သန့်ရှင်းသူတို့၏ လိုအပ်မှုကိုသာ ဖြည့်စည်းပေးသည်မဟုတ်၊ လူအများက ဘုရားသခင်ထံ မြောက်များစွာကျေးဇူးတင်ခြင်းကိုလည်း ဖြစ်စေပါသည်။
၁၃ – ဤကူညီစောင်မခြင်းကို လက်တွေ့ခံစားကြစဉ်တွင် သင်တို့၏ ခရစ်တော်၏ဧဝံဂေလိတရားအား နာခံခြင်းအတွက် သူတို့သည် ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်းကြပါသည်၊ ထို့အပြင် သူတို့ထံနှင့်လူအားလုံးတို့ထံ သင်တို့၏ ရက်ရောစွာပေးကမ်းခြင်းအတွက်လည်းဖြစ်ပါသည်။
၁၄ – သင်တို့အဖို့ သူတို့သည် ဆုတောင်းကြလျှက်၊ သင်တို့၌ရှိသော ဘုရားသခင်၏ကြီးမားလှသောကျေးဇူးတော်အတွက် သင်တို့ကို ချစ်မြတ်နိုးကြပါသည်။
၁၅ – သူ၏ နှုတ်ဖြင့်ပြော၍ပင် မဖြစ်နိုင်သောလက်ဆောင်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

========================================

## ဆုတောင်းခြင်း

## သခင်ဘုရား၏နေ့ (၄၉)

၁၂၄။ တတိယအသနားခံတောင်းလျှောက်ခြင်းကာအဘယ်နည်း?

***“အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့၊ မြေကြီးပေါ်မှာပြည့်စုံပါစေသော”***ဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့နှင့် လူများအားလုံးသည် မိမိတို့၏ကိုယ်ပိုင်ဆန္ဒများကိုပစ်ပယ်လျှက်၊ တခုတည်းသောကောင်းမြတ်ခြင်းဖြစ်သည့် ကိုယ်တော်၏အလိုတော်ကို ငြီးတွားမြည်တမ်းခြင်းမရှိဘဲ ဝန်ခံနိုင်ခွင့်ပေးတော်မူပါ။ ထိုသို့ဖြင့် အယောက်စီတိုင်းသည် ဘုရားသခင်က ပေးထားသောနေရာ၊ ခေါ်တော်မူခြင်းတို့မှရလာသော မိမိတို့၏တာဝန်များကို လိုချင်ဆန္ဒရှိစွာ၊ သစ္စာရှိစွာနှင့် ဂရုတစိုက်ဆောင်ရွက်ကြပါမည်။ ကောင်းကင်တမန်များက ကောင်းကင်ဘုံ၌လုပ်ကြသကဲ့သို့ဖြစ်ပါမည်။
(မဿဲ ၆း၁၀၊ ၁၆း၂၄၊ တိတု ၂း၁၂၊ လု ၂၂း၄၂၊ ၁ကော ၇း၂၄၊ ဧဖက် ၄း၁၊ ဆာလံ ၁၀၃း၂၀)

××××××××××××××××××××××××××××××××

ပညတ်တော်ဆယ်ပါး (ကျိန်းဘုရင်မူ)

(၁) သင်၌ ငါ့ရှေ့တွင် အခြားသောဘုရားများ မရှိရ။
(၂) သင်သည် မိမိအဘို့ မည်သည့်ထွင်းထုသောရုပ်တုကိုမျှ မလုပ်ရ၊ (သို့) ကောင်းကင်ပေါ်တွင်ရှိသောအရာ၊ (သို့) မြေကြီးပေါ်၌ရှိသောအရာ၊ (သို့) မြေကြီးအောက် ရေထဲ၌ရှိသောအရာတခုခုနှင့် တူသောအရာကို မလုပ်ရ၊ ထိုအရာတို့ရှေ့၌ သင် မိမိကိုယ်ကို ဦးမညွှတ်ရ၊ သူတို့အမှုကို မထမ်းဆောင်ရ၊ အဘယ့်ကြောင့်ဆိုသော် သင်၏သခင် ငါ ဘုရားသခင်သည် အလွန်စိတ်အားထက်သန်သောဘုရားဖြစ်သည်၊ ငါကိုမုန်းသောသူတို့၏ မျိုးနွယ်ဆက် သုံးဆက်၊ လေးဆက်တိုင်အောင် ဖခင်တို့၏အပြစ်များကို သားသမီးတို့ပေါ်သို့ ရောက်စေသူဖြစ်သည်။ ထို့အပြင် ငါကိုချစ်သောသူ၊ ငါ့ပညတ်တို့အား စောင့်ထိန်းသူတို့၏မျိုးနွယ်ဆက် ထောင်ပေါင်းများစွာထိအောင် ဂရုဏာကို ပြသူဖြစ်သည်။

(၃) သင်သည် သင်၏သခင်ဘုရားသခင်၏အမည်ကို အချည်းနှီးမဲ့ အသုံးမပြုရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏နာမည်အား အချည်းနှီးမဲ့အသုံးပြုသူကို အပြစ်မဲ့သူဟု ထင်မည်မဟုတ်။

(၄) အနားယူရာနေ့ကို သတိရပါ၊ ၄င်းကို သန့်ရှင်းစွာ စောင့်ရှောက်ပါ။ သင် ခြောက်ရက်လုံး ရှုန်းကန်လှုပ်ရှားပါ၊ သင်၏အလုပ်အားလုံးကို လုပ်ပါ။ သို့သော် ခုနစ်ရက်နေ့သည် သင်၏သခင် ဘုရားသခင်၏ အနားယူရာနေ့ဖြစ်သည်၊ ထိုနေ့တွင် သင် ဘာအလုပ်မှမလုပ်ရ၊ သင်၏သား၊ သင်၏သမီး၊ သင်၏ကျွန်ယောကျ်ား၊ သင်၏ကျွန်မ၊ သင်၏တိရိစ္ဆာန်များ၊ သင့် အိမ်ဝင်းထဲ၌ရှိနေသောဧည့်သည် မည်သူမျှ အလုပ်မလုပ်ရ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ခြောက်ရက်အတွင်း ကောင်းကင်နှင့်မြေကြီး၊ ပင်လယ်နှင့် ပင်လယ်ထဲရှိသမျှတို့ကို ပြုလုပ်တော်မူသည်၊ ထို့နောက် ခုနစ်ရက်နေ့တွင် နားတော်မူသည်၊ ထို့ကြောင့် ဘုရားသခင်သည် အနားယူရာနေ့ကို ကောင်းချီးပေးသည်၊ မြင့်မြတ်စေပါသည်။

(၅) သင်၏ဖခင်နှင့် သင်၏မိခင်ကို ရိုသေလေးစားပါ၊ ထိုသို့ဖြင့် သင်၏နေ့ရက်တို့သည် သင်၏သခင် ဘုရားသခင်က ပေးသောမြေတွင် ရှည်လျားမည်ဖြစ်သည်၊

(၆) သင်သည် သူများကို မသတ်ရ။

(၇) သင်သည် ကာမပိုင်ရှိသူနှင့် မဖေါက်ပြန်ရ။

(၈) သင်သည် မခိုးရ၊

(၉) သင်သည် သင်၏အိမ်နီးချင်းကို ဆန့်ကျင်လျှက် မှားသောသက်သေမခံရ။

(၁၀) သင်သည် သင့်အိမ်နီးချင်း၏အိမ်ကို မတပ်မက်ရ၊ သင်သည် သင့်အိမ်နီးချင်း၏ဇနီးကို မတပ်မက်ရ၊ ထို့အပြင် သူ၏ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ သူ၏နွား၊ သူ၏မြည်း၊ သင့်အိမ်နီးချင်းပိုင်သောအရာတခုကိုမျှ မတပ်မက်ရ။

++++++++++++++++++++++++++++++++++++++